ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ်

# အမျိုးသားစီမံကိန်းဥပဒေ

၂၀၁၃ ခုနှစ်

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ
## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်      ။)
## ၁၃၇၄ ခုနှစ်၊ တပေါင်းလ          ရက်
## (၂၀၁၃ ခုနှစ်၊မတ်လ       ရက်)
## နိဒါန်း

နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမို တိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျ မျှတစွာ ဖွံ့ဖြိုး တိုးတက်ရေး၊ ပြည်သူလူထု တစ်ရပ်လုံး ရရှိ ခံစားနိုင်မည့် လူမှု စီးပွားရေးနယ်ပယ် အသီးသီး ဖွံ့ဖြိုး တိုးတက်ရေး၊ စာရင်းအင်း ကိန်းဂဏန်းများ တိကျ မှန်ကန်ရေး စသည့် စီးပွားရေး မူဝါဒ လေးရပ်ကို ချမှတ် ဆောင်ရွက်လျက်ရှိရာ ဆင်းရဲ ချမ်းသာ ကွာဟမှု လျော့နည်းရေး ၊ ပြည်သူလူထု၏ လူနေမှု အဆင့်အတန်း မြင့်မား တိုးတက်ရေး၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး စသည့် လူမှု စီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး မျှော်မှန်းချက် များကို ဖော်ပြပါ စီးပွားရေး မူဝါဒများနှင့်အညီ အကောင်အထည် ဖော်နိုင်ရန် အလို့ငှာ ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ၂၀၁၃ ခုနှစ် ဧပြီလ(၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော တစ်ဖက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံး အတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေသတ်မှတ်ထားသည့် အချိန်ကာလအတွင်း

မည်၍မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စု အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ ယင်းစီမံကိန်းများ၌ အနှစ် ၃၀ နှစ်ရှည် စီမံကိန်း၊ ငါးနှစ် ကာလတို စီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ် အကောင်အထည် ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါရှိသည်။ ယင်းအမျိုးသား စီမံကိန်းများ၌ ကာလအလိုက် ဖြစ်စေ၊ ဒေသအလိုက် ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ လုပ်ငန်း စီမံကိန်းများ၊ စက်မှုဇုန်များ ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြ စီမံကိန်းများ၊ စက်မှု ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေး စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းစသည့် စီမံကိန်းများ ဘက်စုံ ဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူ ရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေး တစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြစ်စေ မည်၍ မည်မျှ ဖွံ့ဖြိုး တိုးတက်စေရမည်ဟု ရည်မှန်း လျာထားချက် များ ဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်း နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းများ ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များ ကိုဆိုသည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၈.၉ ရာခိုင်နှုန်း တိုးတက်ရန် ၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာ ကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက် ရှိသဖြင့် သစ်တောကဏ္ဍတွင် ယခင်နှစ်ဖြင့် နှိုင်းယှဉ်ပါ က ၆.၁ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၅.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှု ကဏ္ဍတွင် ၁၀.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ် ဓာတ်အား ကဏ္ဍတွင် ၁၃.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှု ကဏ္ဍတွင် ၂၂.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေး ကဏ္ဍတွင် ၅.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေး ကဏ္ဍတွင် ၅၇.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေး ကဏ္ဍတွင် ၉၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍတွင် ၂၇.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍတွင် ၁၅.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှု ကဏ္ဍတွင် ၆.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာ ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစား ကို ၃၃.၆ ရာခိုင်နှုန်း မှ ၃၁.၈ ရာခိုင်နှုန်း သို့

လည်းကောင်း ၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစား ကို ၂၇.၆ ရာခိုင်နှုန်း မှ ၂၈.၈ ရာခိုင်နှုန်း သို့လည်းကောင်း ၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစား ကို ၃၈.၈ ရာခိုင်နှုန်း မှ ၃၉.၄ ရာခိုင်နှုန်း သို့ လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန် ၊

(ဃ) နှစ်အလိုက် ဈေးနှုန်း အရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင် အခန်းမှ အချိုးအစားအားဖြင့် ၂၅.၅ရာခိုင်နှုန်း ၊ သမဝါယမပိုင် အခန်းမှ အချိုးအစား အားဖြင့် ၀.၀၁ ရာခိုင်နှုန်း ၊ ပုဂ္ဂလိကပိုင် အခန်းမှ အချိုးအစား အားဖြင့် ၇၄.၅ ရာခိုင်နှုန်း အသီးသီး ရင်းနှီးမြှုပ်နှံရန်၊

(င) နှစ်အလိုက် ဈေးနှုန်းအရ ပြည်တွင်းထွက် ကုန်ပစ္စည်းများ၏ပြည်ပပို့ကုန်ကို ကျပ် ၁၀၅၄၀.၈ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၁၇၃၀.၂ ဘီလီယံ တင်သွင်းရန်၊

(စ) လူတစ်ဦးစီ၏ပျမ်းမျှ ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး(Per capita GDP) မှာ ကျပ် ၈၃၉၇၉၉ မှ ကျပ် ၉၆၂၂၄၀ သို့ ဖြစ်ပေါ်လာစေရန် ။

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊(၂)၊(၃)၊(၄)၊(၅)နှင့်(၆)တို့တွင် ဖော်ပြထားသော စီမံကိန်း ရည်မှန်းချက်များကို အဆက်အစပ် မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည် ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသ အလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာ ဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုး ဖြစ်ထွန်း စေမည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်း များအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီးပွားရေး စီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုး ဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန် စေမည့် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသား စီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့် အဖြစ် လွှဲပြောင်း ပေးသင့်သော စီးပွားရေး လုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ချေကိုက်မှု ရှိ မရှိ၊ ပြည်သူများ အတွက် အကျိုး ရှိ မရှိ ၊ ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု ၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာ ဆန်းစစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့်၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင်

တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပူးတွဲ-၁

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၅၃၅၉၉၁၄.၇** | **၃၃.၆** | **၃.၀** | **၁၅၈၆၅၂၉၆.၇** | **၃၁.၈** | **၃.၃** |
| | ၁ | လယ်ယာ | ၁၁၃၇၄၅၂၆.၉ | ၂၄.၈ | ၁.၉ | ၁၁၆၃၃၁၂၈.၃ | ၂၃.၃ | ၂.၃ |
| | ၂ | သားငါး | ၃၈၂၆၄၂၅.၄ | ၈.၄ | ၆.၈ | ၄၀၈၂၈၄၄.၆ | ၈.၂ | ၆.၇ |
| | ၃ | သစ်တော | ၁၅၈၉၆၂.၄ | ၀.၄ | ၀.၄ | ၁၄၉၃၂၃.၈ | ၀.၃ | -၆.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၂၆၅၈၈၈၂.၆** | **၂၇.၆** | **၉.၀** | **၁၄၃၃၈၅၇၃.၉** | **၂၈.၈** | **၁၃.၃** |
| | ၁ | စွမ်းအင် | ၆၇၂၇၈.၂ | ၀.၁ | ၂.၀ | ၇၀၉၉၈.၉ | ၀.၂ | ၅.၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၃၃၂၄၀.၉ | ၀.၇ | ၂.၅ | ၄၁၅၁၂၆.၈ | ၀.၈ | ၂၄.၆ |
| | ၃ | စက်မှုလက်မှု | ၉၇၁၆၈၂၆.၁ | ၂၁.၂ | ၁၁.၂ | ၁၀၇၇၈၇၃၆.၅ | ၂၁.၆ | ၁၀.၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၅၀၄၂၆၈.၇ | ၁.၁ | ၆.၁ | ၅၇၃၈၀၄.၄ | ၁.၂ | ၁၃.၈ |
| | ၅ | ဆောက်လုပ်မှု | ၂၀၃၇၂၆၈.၇ | ၄.၅ | ၁.၅ | ၂၄၉၉၉၀၇.၃ | ၅.၀ | ၂၂.၇ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၇၇၆၀၃၈၂.၅** | **၃၈.၈** | **၈.၃** | **၁၉၆၆၄၉၄၂.၇** | **၃၉.၄** | **၁၀.၇** |
| | ၁ | ပို့ဆောင်ရေး | ၅၉၀၂၃၅၅.၀ | ၁၂.၉ | ၄.၅ | ၆၂၀၅၈၅၄.၁ | ၁၂.၄ | ၅.၁ |
| | ၂ | ဆက်သွယ်ရေး | ၉၈၄၃၄၉.၂ | ၂.၁ | ၁၅၀.၄ | ၁၅၄၇၇၂၅.၁ | ၃.၁ | ၅၇.၂ |
| | ၃ | ငွေရေးကြေးရေး | ၅၃၄၇၆.၈ | ၀.၁ | ၈.၁ | ၁၀၃၀၇၁.၄ | ၀.၂ | ၉၂.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅၀၇၁.၅ | ၂.၀ | ၃.၂ | ၁၁၄၄၂၉၆.၀ | ၂.၃ | ၂၇.၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၉၆၈၀၈၀.၇ | ၂.၁ | ၁၄.၆ | ၁၁၁၉၆၇၃.၆ | ၂.၃ | ၁၅.၇ |
| | ၆ | ကုန်သွယ်မှု | ၈၉၅၇၀၄၉.၃ | ၁၉.၆ | ၄.၁ | ၉၅၄၄၃၂၂.၅ | ၁၉.၁ | ၆.၆ |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၄၅၇၇၉၁၇၉.၈** | **၁၀၀.၀** | **၆.၇** | **၄၉၈၆၈၈၁၃.၃** | **၁၀၀.၀** | **၈.၉** |

ပူးတွဲ-၂

## ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၈၀၁၈၇၉၇.၃** | **၆၁.၂** | **၅.၇** | **၃၀၂၀၃၈၇၀.၆** | **၆၀.၆** | **၇.၈** |
| | ၁ | လယ်ယာ | ၁၁၃၇၄၅၂၆.၉ | ၂၄.၈ | ၁.၉ | ၁၁၆၃၃၁၂၈.၃ | ၂၃.၃ | ၂.၃ |
| | ၂ | သားငါး | ၃၈၂၆၄၂၅.၄ | ၈.၄ | ၆.၈ | ၄၀၈၂၈၄၄.၆ | ၈.၂ | ၆.၇ |
| | ၃ | သစ်တော | ၁၅၈၉၆၂.၄ | ၀.၄ | ၀.၄ | ၁၄၉၃၂၃.၈ | ၀.၃ | -၆.၁ |
| | ၄ | စွမ်းအင် | ၆၇၂၇၈.၂ | ၀.၁ | ၂.၀ | ၇၀၉၉၈.၉ | ၀.၂ | ၅.၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၃၃၂၄၀.၉ | ၀.၇ | ၂.၅ | ၄၁၅၁၂၆.၈ | ၀.၈ | ၂၄.၆ |
| | ၆ | စက်မှုလက်မှု | ၉၇၁၆၈၂၆.၁ | ၂၁.၂ | ၁၁.၂ | ၁၀၇၇၈၇၃၆.၅ | ၂၁.၆ | ၁၀.၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၅၀၄၂၆၈.၇ | ၁.၁ | ၆.၁ | ၅၇၃၈၀၄.၄ | ၁.၂ | ၁၃.၈ |
| | ၈ | ဆောက်လုပ်မှု | ၂၀၃၇၂၆၈.၇ | ၄.၅ | ၁.၅ | ၂၄၉၉၉၀၇.၃ | ၅.၀ | ၂၂.၇ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၈၈၀၃၃၃၃.၂** | **၁၉.၂** | **၁၂.၈** | **၁၀၁၂၀၆၂၀.၂** | **၂၀.၃** | **၁၅.၀** |
| | ၁ | ပို့ဆောင်ရေး | ၅၉၀၂၃၅၅.၀ | ၁၂.၉ | ၄.၅ | ၆၂၀၅၈၅၄.၁ | ၁၂.၄ | ၅.၁ |
| | ၂ | ဆက်သွယ်ရေး | ၉၈၄၃၄၉.၂ | ၂.၁ | ၁၅၀.၄ | ၁၅၄၇၇၂၅.၁ | ၃.၁ | ၅၇.၂ |
| | ၃ | ငွေရေးကြေးရေး | ၅၃၄၇၆.၈ | ၀.၁ | ၈.၁ | ၁၀၃၀၇၁.၄ | ၀.၂ | ၉၂.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅၀၇၁.၅ | ၂.၀ | ၃.၂ | ၁၁၄၄၂၉၆.၀ | ၂.၃ | ၂၇.၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၉၆၈၀၈၀.၇ | ၂.၁ | ၁၄.၆ | ၁၁၁၉၆၇၃.၆ | ၂.၃ | ၁၅.၇ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၈၉၅၇၀၄၉.၃** | **၁၉.၆** | **၄.၁** | **၉၅၄၄၃၂၂.၅** | **၁၉.၁** | **၆.၆** |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၄၅၇၇၉၁၇၉.၈** | **၁၀၀.၀** | **၆.၇** | **၄၉၈၆၈၈၁၃.၃** | **၁၀၀.၀** | **၈.၉** |

ပူးတွဲ-၃

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းအရ
## အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁၁၄၁၇၂၃.၂ | ၂.၅ | ၅.၇ | ၁၂၃၇၂၂၁.၇ | ၂.၅ | ၈.၄ |
| ၂ | ကယားပြည်နယ် | ၁၆၅၀၂၂.၉ | ၀.၄ | ၄.၄ | ၁၇၈၂၄၈.၀ | ၀.၄ | ၈.၀ |
| ၃ | ကရင်ပြည်နယ် | ၈၀၀၀၇၂.၃ | ၁.၇ | ၈.၀ | ၈၆၉၂၀၃.၈ | ၁.၇ | ၈.၆ |
| ၄ | ချင်းပြည်နယ် | ၁၆၀၄၅၆.၂ | ၀.၃ | ၇.၄ | ၁၇၄၄၉၇.၆ | ၀.၄ | ၈.၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၂၇၅၉၃၄.၉ | ၁၁.၅ | ၈.၂ | ၅၇၇၅၀၈၂.၈ | ၁၁.၆ | ၉.၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၅၈၅၆၄၈.၈ | ၃.၅ | ၆.၉ | ၁၇၀၃၀၄၆.၄ | ၃.၄ | ၇.၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃၉၅၄၆၀၇.၇ | ၈.၆ | ၆.၈ | ၄၂၉၈၅၇၂.၃ | ၈.၆ | ၈.၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၄၄၂၄၉၁၆.၁ | ၉.၆ | ၇.၇ | ၄၇၈၀၆၅၁.၆ | ၉.၆ | ၈.၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅၁၆၈၈၄၆.၃ | ၁၁.၃ | ၆.၇ | ၅၅၂၉၀၀၄.၅ | ၁၁.၁ | ၇.၀ |
| ၁၀ | မွန်ပြည်နယ် | ၁၉၅၆၃၀၅.၀ | ၄.၃ | ၈.၄ | ၂၁၃၃၈၄၆.၃ | ၄.၃ | ၉.၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၈၀၂၇၈၄.၅ | ၃.၉ | ၄.၆ | ၁၉၁၄၃၁၈.၈ | ၃.၈ | ၆.၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၂၅၅၅၄၅.၁ | ၂၂.၃ | ၇.၉ | ၁၁၀၇၉၄၅၀.၁ | ၂၂.၂ | ၈.၀ |
| ၁၃ | ရှမ်းပြည်နယ် | ၃၃၂၂၀၈၇.၉ | ၇.၂ | ၆.၁ | ၃၅၂၃၄၀၄.၄ | ၇.၁ | ၆.၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅၃၅၈၃၀၀.၆ | ၁၁.၇ | ၅.၀ | ၅၆၅၉၆၃၃.၉ | ၁၁.၃ | ၅.၆ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၅၇၂၉၁၇.၈ | ၁.၂ | ၁၂.၅ | ၁၀၁၂၆၃၁.၁ | ၂.၀ | ၇၆.၇ |

ပူးတွဲ-၄

## ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ထုတ်လုပ်သူများ၏ဈေးနှုန်းများအရဖြစ်ပါသည်)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | | | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၆၅၅၁၅၂၄.၅** | **၁၇၇၂၉၃၁၈.၃** | **၇.၁** |
| | ၁ | လယ်ယာ | ၁၂၃၀၇၁၃၉.၄ | ၁၃၀၅၈၆၄၀.၄ | ၆.၁ |
| | ၂ | သားငါး | ၄၀၇၈၉၇၈.၉ | ၄၅၀၉၅၁၆.၈ | ၁၀.၆ |
| | ၃ | သစ်တော | ၁၆၅၄၀၆.၂ | ၁၆၁၁၆၁.၁ | -၂.၆ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၅၄၉၅၅၁၅.၅** | **၁၉၉၉၉၆၈၄.၆** | **၂၉.၁** |
| | ၁ | စွမ်းအင် | ၁၈၀၀၃၉၇.၈ | ၃၇၆၇၀၉၆.၂ | ၁၀၉.၂ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၄၄၇၀၆.၉ | ၇၀၈၅၁၇.၀ | ၃၀.၁ |
| | ၃ | စက်မှုလက်မှု | ၁၀၃၉၈၈၁၃.၄ | ၁၂၀၉၉၅၀၉.၄ | ၁၆.၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၂၂၂၈၀.၅ | ၇၂၈၅၂၄.၇ | ၁၇.၁ |
| | ၅ | ဆောက်လုပ်မှု | ၂၁၂၉၃၁၆.၉ | ၂၆၉၆၀၃၇.၃ | ၂၆.၆ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၉၁၆၀၅၃၆.၉** | **၂၁၅၁၉၉၅၀.၁** | **၁၂.၃** |
| | ၁ | ပို့ဆောင်ရေး | ၆၄၂၂၆၅၅.၇ | ၆၉၅၅၅၀၄.၁ | ၈.၃ |
| | ၂ | ဆက်သွယ်ရေး | ၇၆၄၇၀၂.၀ | ၅၆၀၇၂၆.၂ | -၂၆.၇ |
| | ၃ | ငွေရေးကြေးရေး | ၄၈၇၁၂.၈ | ၇၉၈၆၈.၂ | ၆၄.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅၀၇၁.၅ | ၁၃၅၅၆၁၀.၁ | ၅၁.၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၀၂၆၇၇၃.၃ | ၁၂၂၈၆၂၈.၄ | ၁၉.၇ |
| | ၆ | ကုန်သွယ်မှု | ၁၀၀၀၂၆၂၁.၆ | ၁၁၃၃၉၆၁၃.၁ | ၁၃.၄ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၅၁၂၀၇၅၇၆.၉** | **၅၉၂၄၈၉၅၃.၀** | **၁၅.၇** |

ပူးတွဲ-၅

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ထုတ်လုပ်သူများ၏ဈေးနှုန်းများအရဖြစ်ပါသည်)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၂၀၄၇၀၄၀.၀** | **၃၇၇၂၉၀၀၂.၉** | **၁၇.၇** |
| | ၁ | လယ်ယာ | ၁၂၃၀၇၁၃၉.၄ | ၁၃၀၅၈၆၄၀.၄ | ၆.၁ |
| | ၂ | သားငါး | ၄၀၇၈၉၇၈.၉ | ၄၅၀၉၅၁၆.၈ | ၁၀.၆ |
| | ၃ | သစ်တော | ၁၆၅၄၀၆.၂ | ၁၆၁၁၆၁.၁ | -၂.၆ |
| | ၄ | စွမ်းအင် | ၁၈၀၀၃၉၇.၈ | ၃၇၆၇၀၉၆.၂ | ၁၀၉.၂ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၄၄၇၀၆.၉ | ၇၀၈၅၁၇.၀ | ၃၀.၁ |
| | ၆ | စက်မှုလက်မှု | ၁၀၃၉၈၈၀၁၃.၄ | ၁၂၀၉၉၅၀၉.၄ | ၁၆.၄ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၂၂၂၈၀.၅ | ၇၂၈၅၂၄.၇ | ၁၇.၁ |
| | ၈ | ဆောက်လုပ်မှု | ၂၁၂၉၃၁၆.၉ | ၂၆၉၆၀၃၇.၃ | ၂၆.၆ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၉၁၅၇၉၁၅.၃** | **၁၀၁၈၀၃၃၇.၀** | **၁၁.၂** |
| | ၁ | ပို့ဆောင်ရေး | ၆၄၂၂၆၅၅.၇ | ၆၉၅၅၅၀၄.၁ | ၈.၃ |
| | ၂ | ဆက်သွယ်ရေး | ၇၆၄၇၀၂.၀ | ၅၆၀၇၂၆.၂ | -၂၆.၇ |
| | ၃ | ငွေရေးကြေးရေး | ၄၈၇၁၂.၈ | ၇၉၈၆၈.၂ | ၆၄.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅၀၇၁.၅ | ၁၃၅၅၆၁၀.၁ | ၅၁.၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၀၂၆၇၇၃.၃ | ၁၂၂၈၆၂၈.၄ | ၁၉.၇ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၀၀၀၂၆၂၁.၆** | **၁၁၃၃၉၆၁၃.၁** | **၁၃.၄** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၅၁၂၀၇၅၇၆.၉** | **၅၉၂၄၈၉၅၃.၀** | **၁၅.၇** |

ပူးတွဲ-၆

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက်ရင်းနှီးမြှုပ်နှံမှုလျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | *၄၂၃၈၄၅၁.၅ | ၂၇.၃ | *၄၉၂၈၈၂၄.၀ | ၂၅.၅ |
| ၂ | သမဝါယမပိုင် | ၁၅၄၆.၉ | ၀.၀၁ | ၁၆၇၃.၇ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၁၁၂၆၀၇၁၂.၁ | ၇၂.၇ | ၁၄၄၁၂၁၆၇.၇ | ၇၄.၅ |
| | **စုစုပေါင်း** | **၁၅၅၀၀၇၁၀.၅** | **၁၀၀.၀** | **၁၉၃၄၂၆၆၅.၄** | **၁၀၀.၀** |

* နိုင်ငံခြားချေးငွေ နှင့် ထောက်ပံ့ငွေ အပါအဝင်ဖြစ်ပါသည်။

**ကန့်သတ်**